# PRUHealth

## ဝန်ထမ်းတွေ ကျန်းမာပျော်ရွှင်စေဖို့ ဒို့တွေတကယ် ဂရုစိုက်ကြတယ်။

ဝန်ထမ်းတွေကို ကာကွယ်ပေးခြင်းက ကျန်းမာ၊ တက်ကြွတဲ့ လုပ်သားအင်အား ရရှိစေလို့
သင့်လုပ်ငန်းတိုးတက်အောင်မြင်မှာအသေအချာပဲပေါ့။

PRUDENTIAL
ပရူဒန်ရှယ်အာမခံ

Listening. Understanding. Delivering.



## သင့်ဝန်ထမ်းတွေအတွက် ကျန်းမာရေးနဲ့ အသက်အာမခံထားဖို့ ဘာကြောင့် အရေးကြီးတယ်လို့ ထင်ပါသလဲ?

ဝန်ထမ်းတွေဟာ သင့်လုပ်ငန်းအဖွဲ့အစည်းရဲ့ အဖိုးတန်ဆုံး အစိတ်အပိုင်းတစ်ခုပါ။ ပုံမှန်လစာနဲ့ ရာထူး၊ စွမ်းရည် တိုးတက်လာစေဖို့ ဆောင်ရွက်ပေးတဲ့အပြင် သင့်လုပ်ငန်းအဖွဲ့အစည်းအနေနဲ့ ဝန်ထမ်းတွေအတွက် လိုအပ်တဲ့ ကာကွယ်မှုတွေ ပေးအပ်ပြီး သူတို့ကို ကျန်းမာပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်စေချင်မှာပါ။ စုပေါင်းကျန်းမာရေး အာမခံက သင့်ဝန်ထမ်းတွေ နာမကျန်း၊ ထိခိုက်ဒဏ်ရာ ရတဲ့အခါ လိုအပ်တဲ့ အသုံးစရိတ်အတွက် ရန်ပုံငွေတစ်ခု ပြင်ဆင်ထားပြီးသား ဖြစ်စေပါတယ်။ ဒီအာမခံက ဝန်ထမ်းတွေရဲ့ ဆေးကုသစရိတ်တွေကို အပြည့်အဝ ဒါမှမဟုတ် တချို့တစ်ဝက် ထောက်ပံ့ပေးတဲ့အတွက် အမြန်ဆုံး သက်သာလာအောင် ဆေးဝါးကုသမှုကောင်းကောင်း ခံယူနိုင်ဖို့ ကူညီပေးပါတယ်။ PRUHealth အာမခံက ဝန်ထမ်းတွေအတွက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လာတဲ့အခါ ငွေရေးကြေးရေး အကာအကွယ် အကျိုးခံစားခွင့် ရရှိနိုင်တဲ့အပြင် သေဆုံးသွားခဲ့ရင်တောင် သူတို့ရဲ့ မိသားစုတွေကိုပါ ငွေရေးကြေးရေး အကာအကွယ် ပေးထားပြီးသား ဖြစ်မှာပါ။


## မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကုန်ကျစရိတ်များ

| ကျန်းမာရေးဝန်ဆောင်မှုများ | ပုဂ္ဂလိက ဆေးရုံများ၏ ပျမ်းမျှကုန်ကျစရိတ်^ (မြန်မာကျပ်ဖြင့်) |
|---|---|
| အူအတက်ရောင်ရောဂါ | ၈၀၀,၀၀၀ - ၃,၀၀၀,၀၀၀ |
| နှလုံးရောဂါ | ၁,၀၀၀,၀၀၀ - ၂၀,၀၀၀,၀၀၀ |
| မတော်တဆထိခိုက်မှုများ | ၁,၅၀၀,၀၀၀ - ၅,၀၀၀,၀၀၀ |

^ခန့်မှန်းခြေ ကုန်ကျစရိတ်တွေကို အကြောင်းအရာအမျိုးမျိုးနဲ့ နာမကျန်းဖြစ်ရတဲ့ အရင်းအမြစ်ပေါ်မူတည်ပြီး တွက်ချက်ပါတယ်။ ကျန်းမာရေး ကုသမှုအတွက် ကုန်ကျစရိတ်တွေက အခြေအနေ၊ အကြောင်းအရာ အမျိုးမျိုးအပေါ် မူတည်ပါတယ်။ (၂၀၂၀ ခုနှစ်၊ နိဝင်ဘာလ အချက်အလက်များအရ)

## PRUHealth က ဘယ်လိုကူညီပေးနိုင်သလဲ။

မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေနဲ့ တွေ့ကြုံလာရတဲ့အခါ သင့်ရဲ့ ဝန်ထမ်းတွေက သူတို့ရဲ့ ကျန်းမာရေးအတွက် ပေးဆောင်ရမယ့် ကုန်ကျစရိတ်တွေအစား ပြန်လည်ကျန်းမာလာဖို့ကိုပဲ အာရုံစိုက်ထားသင့်ပါတယ်။ PRUHealth အာမခံကို အလွယ်တကူရယူအသုံးပြုနိုင်ပြီး နစ်နာကြေးလျှောက်ထားတဲ့ လုပ်ငန်းစဉ်ကလည်း လွယ်ကူ၊ မြန်ဆန်ပါတယ်။ သင့်ရဲ့ ဝန်ထမ်းတွေက ပရူဒန်ရှယ်နဲ့ ချိတ်ဆက်ထားတဲ့ ဆေးခန်းတစ်ခုမှာ ကုသမှုခံယူမယ်ဆိုရင် သူတို့ရဲ့ ဆေးကုသစရိတ်တွေကို ကြိုပြီးပေးချေထားဖို့ မလိုတော့ပါဘူး။ နာမကျန်း၊ ထိခိုက်ဒဏ်ရာ ရတဲ့အခါ ဆေးကုသစရိတ်ရဲ့ အပြည့်အဝ ဒါမှမဟုတ် တချို့တစ်ဝက်ကို ပေးအပ်ပြီး ကွယ်လွန်သွားချိန်မှာလည်း မိသားစုတွေအတွက် ငွေရေးကြေးရေး အကျိုးခံစားခွင့်ရှိတဲ့ ဒီအာမခံအကာအကွယ်ကြောင့် ဝန်ထမ်းတွေဟာ အလုပ်မှာ ပိုပြီးယုံကြည်မှုရှိရှိ လုပ်ကိုင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။



## သင်နဲ့ သင့်မိသားစုအတွက် ကျန်းမာရေးနဲ့ ငွေရေးကြေးရေး ပူပန်မှုတွေကနေ ကာကွယ်ပေးနိုင်ဖို့ သင့်ရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီမှုရှိတဲ့ ကျန်းမာရေးအာမခံကို ရွေးချယ်လိုက်ပါ။ ဝန်ထမ်းများအတွက် အခြေခံ ကျန်းမာရေးအာမခံ အကာအကွယ်ကို (၂) ယူနစ်ကနေ (၂၅) ယူနစ်အထိ ဝယ်ယူနိုင်ပါတယ်။

### အခြေခံ အာမခံအကာအကွယ်

နေ့စဉ်ဆေးရုံတက်ရောက် ကုသရတဲ့စရိတ်ကို တစ်နှစ်လုံးအတွက် ရက် (၆၀) စာအထိ ရရှိနိုင်ပါတယ်။ မမျှော်လင့်ဘဲ အသက်သေဆုံးမှုဖြစ်ခဲ့ရင်လည်း အကျိုးခံစားခွင့် ရနိုင်ပါတယ်။

### အာမခံအကာအကွယ် ၁

အမှန်တကယ် ကျသင့်တဲ့ ခွဲစိတ်ကုသစရိတ်အပေါ် မူတည်ပြီး ခွဲစိတ်ကုသစရိတ် ပြန်လည် ရရှိနိုင်ပါတယ်။ အာမခံထားသူက အမျိုးသမီးဖြစ်မယ်ဆိုရင် ကိုယ်ဝန်ပျက်ကျခြင်းအတွက် ပေးထားတဲ့ အကျိုးခံစားခွင့် ရရှိနိုင်ပါတယ်။ ဒီစရိတ်ကို ခွဲစိတ်ကုသမှုအတွက် သတ်မှတ်ထားတဲ့ စုစုပေါင်း အကျိုးခံစားခွင့်ထဲကနေ နုတ်ယူသွားမှာဖြစ်ပြီး တစ်ကြိမ်သာတောင်းခံခွင့်ရှိပါတယ်။

### အာမခံအကာအကွယ် ၂

ပြင်ပလူနာအနေနဲ့ ကုသတဲ့စရိတ်ကို တစ်နှစ်လုံးအတွက် ဆေးခန်းပြသမှု အများဆုံး (၄) ကြိမ်အထိ ရရှိနိုင်ပါတယ်။

ဒါပေမယ့် အာမခံအကာအကွယ် ၁ ဖြစ်တဲ့ ခွဲစိတ်ကုသစရိတ်နဲ့ ကိုယ်ဝန်ပျက်ကျခြင်း၊ အာမခံအကာအကွယ် ၂ ဖြစ်တဲ့ ပြင်ပလူနာအဖြစ် ကုသခြင်းတွေကို လိုအပ်ချက်အရ ဖယ်ထုတ်နိုင်ပါတယ်။

## အကျိုးခံစားခွင့်တွေကို ဒီမှာ ကြည့်နိုင်ပါတယ်

| အာမခံအကာအကွယ် | အကျိုးခံစားခွင့်များ | အနည်းဆုံး | အများဆုံး |
|---|---|---|---|
| အခြေခံ အာမခံအကာအကွယ် | သေဆုံးခြင်းအတွက် အကျိုးခံစားခွင့် | ၂ ယူနစ်/ ၂,၀၀၀,၀၀၀ ကျပ် | ၂၅ ယူနစ်/ ၂၅,၀၀၀,၀၀၀ ကျပ် |
| | နေ့စဉ်ဆေးရုံစရိတ် အကျိုးခံစားခွင့် | ၂ ယူနစ်/ ၂၀,၀၀၀ ကျပ် | ၂၅ ယူနစ်/ ၂၅၀,၀၀၀ ကျပ် |
| အာမခံအကာအကွယ် ၁ ရွေးချယ်ပါက | ခွဲစိတ်ကုသစရိတ် အကျိုးခံစားခွင့် | ၂ ယူနစ်/ ၁,၀၀၀,၀၀၀ ကျပ် | ၂၅ ယူနစ်/ ၁၂,၅၀၀,၀၀၀ ကျပ် |
| | ကိုယ်ဝန်ပျက်ကျခြင်း (အမျိုးသမီး အာမခံထားသူအတွက်သာ) | ၃၀၀,၀၀၀ ကျပ် | |
| အာမခံအကာအကွယ် ၂ ရွေးချယ်ပါက | ပြင်ပလူနာကုသစရိတ် အကျိုးခံစားခွင့် | ၂ ယူနစ်/ ၂၀,၀၀၀ ကျပ် | ၂၅ ယူနစ်/ ၂၅၀,၀၀၀ ကျပ် |

**အရေးကြီးသော သတိပြုရန်အချက်များ**


၁။ PRUHealth သည် တစ်နှစ် သက်တမ်းရှိသော ပေါ်လစီတစ်ခုဖြစ်ပြီး အလိုအလျောက် သက်တမ်းမတိုးပါ။
၂။ အသက်မပြည့်သေးသောသူများ (အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်း) အတွက် အာမခံပေါ်လစီဝယ်ယူပါက မိဘအုပ်ထိန်းသူထံမှ သဘောတူညီချက် လိုအပ်ပါသည်။
၃။ အသက် ၆၅ နှစ် နှင့် ၇၅ နှစ်အတွင်းရှိသူများအတွက် ကုမ္ပဏီ၏အတည်ပြုချက်ရယူရန် customer ၏ ကိုယ်ပိုင်ကုန်ကျစရိတ်ဖြင့် စစ်ဆေးထားသော ဆေးစစ်ချက် ရှိရန်လိုအပ်ပါသည်။
၄။ ပေါ်လစီဝယ်ယူရန် ဆုံးဖြတ်ချက်မချမီ မိမိဝယ်ယူမည့် ပေါ်လစီနှင့် ပေးချေရမည့်ငွေကြေးပမာဏသည် မိမိလိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည့် ပေါ်လစီ ဖြစ်ဖို့ ဆွေးနွေးတိုင်ပင်ပါရန် အကြံပြုအပ်ပါသည်။

**အကျိုးခံစားခွင့်အကျုံးမဝင်သော အချက်များ**

အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ဒဏ်ရာရခြင်း၊ ရောဂါရရှိခြင်း၊ ဆေးရုံတက်ရောက်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ သေဆုံးခြင်း၊ ဆေးရုံ ဆေးခန်းပြသခြင်းတို့အတွက် အကျိုးခံစားခွင့် အကျုံးဝင်မည် မဟုတ်ပါ။

က။ ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန်ဆရာဝန်၏ ထောက်ခံချက်ကို ရရှိထားခြင်း၊ ရောဂါလက္ခဏာ ရှိပြီးသား ဖြစ်နေခြင်း။
ခ။ သားဖွားခြင်း၊ ဗိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်သက်ဆိုင်သော ခွဲစိတ်ကုသမှု၊ သို့သော် အာမခံထားပြီးနောက် ကိုယ်ဝန်နှင့်အာမခံထားချိန်တွင် ပုံမှန်ဖြစ်နေသော ကိုယ်ဝန်ကြောင့်ဖြစ်လာသည့် တွဲဖက်ရောဂါများ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါ စသည်တို့) ကြောင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့် ပေးချေရန် အကျုံးဝင်သည်။ ထို့အပြင် ကိုယ်ဝန်ပျက်ကျခြင်းသည် ရွေးချယ်နိုင်သည့် အာမခံ အကာအကွယ်(၁) ကိုဝယ်ယူထားပါက အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။
ဂ။ စိတ်ပေါ့သွပ်ခြင်း (Psychosis)၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း (Mental Disorders)။
ဃ။ ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း။
င။ သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း။
စ။ မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှ အပဖြစ်သောသွားနှင့် ပတ်သက်သည့် ကုသမှုအတွက် ဖြစ်ခြင်း။
ဆ။ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှ အပဖြစ်သော မျက်မှန်အပါအဝင် မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံ ကောင်းမွန်လာအောင် ပြုပြင်ရန် ဖြစ်ခြင်း။
ဇ။ အလှအပအတွက် ဖြစ်ခြင်း။
ဈ။ နားကြားကိရိယာ တပ်ဆင်ရန်အတွက်ဖြစ်ခြင်း။
ည။ ကိုယ်ခန္ဓာချို့ယွင်းခြင်း (Physical Defect) သို့မဟုတ် မသန်စွမ်းခြင်း (Infirmity)။
ဋ။ မူးယစ်ဆေးဝါးသုံးစွဲခြင်း။
ဌ။ ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း။
ဍ။ AIDS/HIV ဖြစ်ခြင်း။
ဎ။ အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း (စစ်ပြခြင်းများ၊ စစ်ပွဲကဲ့သို့တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်း နှင့် ဖော်ပြပါအဖြစ်အပျက်တစ်ခုခု၏တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော အကျိုးသက်ရောက်မှုတစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပေါ်စေသော အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့် မတော်တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)။
ဏ။ ရောဂါကြောင့်ဆေးရုံတက်ရက်ပေါင်းသည် ၃ ရက်နှင့် အောက်ဖြစ်သော ဆေးကုသမှုများ။
တ။ လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။
ထ။ မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း။

ယခုစာစောင်တွင် ဖော်ပြပါရှိသော စည်းကမ်းနှင့်သတ်မှတ်ချက်များသည် အပြည့်အစုံမဟုတ်ပါ။ သင်၏ ပရူဒန်ရှယ်အာမခံအကြံပေးထံမှ ရရှိသော ပေါ်လစီစာချုပ်ပါ စည်းကမ်းနှင့်သတ်မှတ်ချက်၊ အသေးစိတ်အချက်အလက်များနှင့် အာမခံအကာအကွယ် တစ်ခုချင်းစီအတွက်ခြွင်းချက် အခြေအနေများကို လေ့လာနိုင်ပါသည်။




PRUHealth သည် ဝန်ဆောင်ခ ပေးဆောင်ရသည့် အာမခံထုတ်ကုန်ဖြစ်သော်လည်း Pulse မိုဘိုင်းအက်ပလီကေးရှင်းမှာ မည်သူမဆိုဒေါင်းလုတ်ရယူပြီး အခမဲ့ သုံးစွဲနိုင်ပါသည်။



**Prudential Myanmar Life Insurance Limited**
အမှတ် ၁၅ - ၀၁၊ ၁၅လွှာ၊ Sule Square၊ ၂၂၁ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Customer Service Hotline : 09 770 110010
www.prudential.com.mm
www.facebook.com/prudentialmyanmarlifeinsurance

PMLI/2021/Col/0002